20.5.2005,(8:00am)3

အဲတော့ တစ်နေ့သ၌ ကျတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက နက်ဖြန်ခါ ဘယ်သူ့ ချွတ်ရမှာလဲလို့ အဲဒီ လင်မယားကို မြင်တယ် ကြားလား။ ဆွမ်းခံကြွမှ တော်တော့မယ်။ ဆွမ်းခံ ကြွ သွားတယ်။ လင်ယောကျ်ား ဖြစ်တဲ့ပုဂ္ဂိုလ်က တောင်သူ ယောကျ်ား တောင်သူ တောင်သူ အလုပ် အလွန်အလုပ်ကောင်းတဲ့ ပုဂ္ဂိုလ်။ အိမ်ရှင်မကလည်း အိမ်တာဝန် ကျေတယ်။ ဘယ်လောက် ပဲ ကျေကျေ အရိုက်ခံရတယ်။ အဲ ဆွမ်းခံကြွသွားတော့ခါ ရပ်ပါဦးဘုရား ရပ်ပါဦး ဘုရား အိမ့်ရှင်မက။ အဲဒါနဲ့ အရပ်ခိုင်းလို့။ စားလောက်အောင် လှူ လိုက် လောင်းလိုက်တာပေါ့။

တပည့်တော် လျှောက်စရာလေး ရှိတယ်ဘုရာ့ အေးဟဲ့။ လျှောက်ပေါ့။ တပည့်တော် ယောကျ်ား လည်း တောင်သူ ယောကျ်ား အလုပ် ကောင်းတယ်။ တပည့်တော်လည်း အိမ်တာဝန် ကျေတယ်။ အဲဒါ နေ့စဉ်နဲ့ တကွ အရိုက်ခံရတယ်ဘုရား။ ရှေ့ကို အရိုက်ခံစရာ ဘယ်လောက် ကျန်သေးသလဲ လို့ မလျှောက်ရဘူးလား။ အကြိမ်တစ်ရာ ကျန်သေးတယ်တဲ့။ အကြိမ် တစ်ရာ။ အကြိမ် တစ်ရာ။ တစ်ချက်တည်းနဲ့ သေသွားဦး ကိုးဆယ်နဲ့ ကိုးကြိမ် ကျန်သေးတယ်။ သေတာနဲ့ မကျေသေးဘူး။ ကိုးဆယ်နဲ့ ကိုးကြိမ် ဆပ်ရဦးမယ်။ ငရဲကို အပ ဝဋ်ကိုအမြဲတဲ့။ ကြောက်လှပါတကား ဘုရား။ ဘယ်လို အကြောင်းတရားတွေ လဲဘုရား။ ဘယ်လို အကျိုး တရားတွေလဲ ဘုရား။

အေး ငါးဘဝ ခြားတုန်းက ဒကာမကြီးက တောင်သူ ယောကျ်ားဟုတ်တယ်။ ဒကာမကြီးရဲ့ လင်က ကျွဲကြီး ဟုတ်တယ်တဲ့။ ဟိုးတုန်းက ကျွဲကြီး ကျွဲကြီး။ အဲဒီကျွဲကို ခိုင်းတာ။ မနိုင့် တနိုင် ခိုင်း မရုန်းနိုင်ဖိဖိရိုက် ကြားရဲ့လား။ အဲဒီလိုနဲ့ကြိမ်ဖန်များစွာ ခိုင်းတော့ တစ်နေ့သ၌ တုန်းကြီးဆွဲ။ မရုန်း နိုင်တော့ ဖိဖိရိုက် ကမ်းပါးက ချော်ပြီးတော့ ကျလို့ သေတော့တာ။ ကျွဲကြီးက အဲဒီကျွဲကြီးက သေ တော့ ငါးဘဝလောက်ထိ လူဝင်စားတော့တာ။ ကျွဲကြီးက လူ ယောကျ်ား ယောကျ်ားကြီး ဖြစ်တာ။ သူ့ကို ရိုက်တဲ့ယောကျ်ားဟာက လူတော့ဖြစ်တယ် မိန်းမ သွားဖြစ်တာ။ မိန်းမ မိန်းမ ယောကျ်ားက မိန်းမ သွားဖြစ်တာ။ အဲဒါ အရွယ်ရောက်တဲ့အခါ တစ်ခါမှ မမြင်ဘူးဘဲနဲ့ မြင်မြင်ချင်း ကြိုက်တော့ တာဟ။ ဝဋ်ကို အမြဲတဲ့ ကြားလား။ ကြွေး ဆပ်ရမှာ ကိုး။ လိမ်မယ်လို့ စိတ်ကူး မထည့်နဲ့။

လိမ်လို့သာ လွတ်ရင်တော့ ငရဲပျောက်ပြီးပြီ။ အပါယ်လေးဘုံ ပျောက်ပြီးပြီ။ တိရစ္ဆာန်တွေ ရှိတော့ မှာ မဟုတ်ဘူး။ လိမ်လို့ မလွတ်လို့ ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ အပါယ် လေးဘုံလို့ မဟောဘူးလား။ မလွတ်ဘူးဗျ။ ငရဲအပ ဝဋ်ကိုအမြဲတဲ့ ခံရမယ်။ အဲလို ယုံကြည်ဖို့ မကောင်း လား။ အေး အဲဒါနဲ့ အကျိုး အပြစ်တွေ မေးတာပေါ့။ အဲတော့ကာ ငါးဘဝခြားတော့ ဒကာမကြီး ရဲ့ ယောကျ်ားက အင်းဟိုတုန်းက ကျွဲကြီး ဟုတ်တယ်တဲ့။ ဒကာမကြီးက ဒီတုန်း က တောင်သူ ယောကျ်ားကြီး

ဟုတ်တယ်တဲ့။ အဲဒီကျွဲကြီးကို မနိုင့်တနိုင် ခိုင်းတော့ ရိုက်လွန်း တော့ ကမ်းပါးက ချော်ပြီးတော့ သေသွားတာ တဲ့။

အခု ဘဝကျတော့ ဒကာမကြီးက လူတော့ ဟုတ်တယ်ဟိုတုန်းက ယောက်ျား ခုတော့ မိန်းမ ဖြစ်နေတာ။ ဒကာမကြီးရဲ့ခိုင်းတဲ့ ကျွဲကြီးက ယောက်ျား၊ ဒကာမကြီးရဲ့ ယောက်ျား လင်ဖြစ်ရ တာတဲ့။ ကဲ စဉ်းစားဖို့ မကောင်းလား။ ငရဲကိုအပ ဝဋ်ကိုအမြဲတဲ့။ အဲတာ ကယ်တော်မူပါဘုရား။ ကြောက်လှပါပြီ ဘုရား့။ ကယ်တော်မူပါဘုရား့။ အဲဒါ အရိုက်ခံဖို့ရာ အကြိမ် တစ်ရာ ကျန်သေး တယ်တဲ့ နော်။ အဲတော့ အကြိမ်တစ်ရာ ကျန်သေးတယ်ဆိုတော့ ဒကာမကြီးမှာ အိမ်တုပ်တဲ့နီးများ မရှိဘူးလား။ အိမ်တုပ်တဲ့နီး ရှိတယ်။ အချောင်း တစ်ရာ စည်းထား အချောင်း တစ်ရာ။ အကြိမ်တစ်ရာကိုး။ အချောင်း တစ်ရာ စည်းထား။ စည်းလို့ အနားမှာ လွယ်လွယ်ထား။ အနားမှာ တုတ်တွေ၊ ဓားတွေကို အဝေးကို ပို့ထား။ နီးက လွယ်လွယ်ထား။ အဲဒါ လွယ်လွယ်ထားတော့ ဗိုင်းငင်ပြီးတော့မှ နေတာ။ မင်းသား ညနေ တောပြန်လာခဲ့တော့ အိမ်ကိုရောက် ခြေဆေး။ ခြေဆေးပြီးတော့ အိမ်ပေါ် တက်တက်ပြီး လွယ်အိတ်ကို ချပြီးတော့မှ နီးစည်းကိုင် အတင်း ဝင်ရိုက်တော့တာဗျာ့။ ခဏတော့ နားပါဦးတော့ကွာ။ သည်သူကလည်း တယ် အလျင်လို လိုက်တဲ့သူ။ အလျင်လို လိုက်တဲ့သူဟ။ ကြားရဲ့လား။ ခဏပ့ါ နားဦးတော့။ အတင်းဝင် ရိုက်တာ။ မယားကလည်း ဘုရား ဟောတာ ယုံကြည် တော့တာကိုး။ သေအောင်ရိုက် သေအောင်ရိုက်။ ခေါင်းလျှိုး ခံတော့တာ။ တစ်ခါမှ ပြန်မပြောရဲတာ ဒီနေ့တော့ ပြောတော့တာ။ ကြားလား။ အဲတော့ ဟိုက ရိုက်တဲ့သူက ရိုက်ပြီးရင် မှားပါပြီတဲ့ သည်းခံပါတဲ့။ ကျေသွားတော့တာ ကိုး ကွဲ့။ ကြွေးက။ ကြွေးက ကျေတော့တာ ရိုက်ချင်တဲ့ စိတ်တွေ မရှိတော့ဘူး ကြားလား။ မှားပါပြီတဲ့ဗျ။

အဲဒီနေ့က စပြီးတော့ လင်မယား ပြုံးပြုံးပြုံးပြုံးနဲ့ နေတော့တာပေ့ါ။ ဟိုကြွေးရှိတုန်းကတော့ တရိုက်ထဲ အရိုက်ခံနေရတာနော်။ ဒါကြောင့် ငရဲကိုအပ ဝဋ်ကိုအမြဲတဲ့။ ကြောက်စရာ မကောင်းဘူးလား။ အေး အင်မတန် ကြောက်စရာ ကောင်းတယ်ကွဲ့။ လေ့လာကြ ဝဋ်က အင်မတန် ကြောက်စရာ ကောင်းတယ်။ အဲတော့ကာ ယုံကြည်ဖို့ မကောင်းလားပေ့ါ။ ယုံကြည်ဖို့ ကောင်းတယ် စဉ်းစားကြ။ ဘယ်လိုမှ ပြုလို့ ပြေးလို့ မလွတ်ဘူး။ ငရဲကိုအပ ဝဋ်ကို အမြဲ တဲ့။ ကံကို ယုံကြည်ရမယ်။ ဉာဏ် အားကိုးရမယ်။

<u>ငှက်ပျောခိုင်ပျောက်ဆုံးခြင်းနှင့် ကုသိုလ်စိတ်ထား။</u>

မကြားစဖူး ကြားဖူးထပ်မံတဲ့။ စိတ်နေ စိတ်ထားလေးတွေ။ ဗုဒ္ဓဘာသာတို့ မည်သည်မှာ ဘုန်းကြီးတို့ ဗမာပြည်အနေနဲ့ ဝါဝင်ဝါကျွတ်လို့ ရှိတယ်။ ဝါဝင်ထက် ဝါကျွတ်မှာ ပိုပြီးတော့မှ စည်ကားတာ

ပေါ့။ အဲတော့ အဲဒီလူကလည်း တောင်သူ ယောကျ်ား။ တောထဲမှာ ငှက်ပျော တို့ ပိန်နဲ့တို့ သရက်တို့ ဩဇာ၊ မာလကာ၊ သံပရာ၊ ရှောက်သီး၊ လိမ္မော် သဘော်  စိုက်ထားတာ။ ပင်ထက်မှည့်ကိုပါ ငှက်ပျောပင်က ငါးခိုင်။ ဝါကျွတ်ခါနီးမှာ ဆယ့်သုံးရက်နေ့မှ ခုတ်မယ်။ ဆယ့်လေးရက်နေ့မှာ ဆွေမျိုး ဉာတကာ ဦးလေးတော်တာ ၊မိထွေး တော်တာ၊ အရီး တော်တာ၊ ပထွေး တော်တာ ဆွမ်း ဆန်ကပ်မယ် ငှက်ပျောသီး။ ဥပုသ်နေ့မှာ ကျောင်းကို လှူ မယ်။ အိမ်မှာလည်း လာတဲ့ ဧည့်တွေ ကျွေးမယ်။

ဆယ့်သုံးရက်နေ့ အခုတ်သွားတာ ငှက်ပျောခိုင်က တစ်ခိုင်မှ မရှိဘူး သူများ ခုတ်သွား တော့တာ။ အင်း ဟိုလူ ထင်တယ် ဒီလူ ထင်တယ်။ လျှောက်ထင်တော့တာ။ ဗေဒင်မေးဦးမှာ ဗေဒင်သွား မေးကြည့်တယ်။ မေးကြည့်တော့ ဘယ်နေ့လဲ အင်္ဂါနေ့။ စိတ္တဂုဃာ ဂူပေ။ ရာဟု ရာဟုထောင့်မှာ လုံခြုံတဲ့နေရာမှာ ရှိတယ်။ ကြားရလား ဗေဒင်သွား မေးတာ။ ဗေဒင် ဗေဒင်။ အဲဒါနဲ့ ဟုတ်မှာ တနေ့က စောင်းငန်း စောင်းငန်းနဲ့ ကြည့်တယ်။ အမ်း စိတ်ထင်ပြီ။ အမ်း စောင်းငန်း စောင်းငန်းနဲ့ ကြည့်တယ်။ ဘေးက လူတစ်ယောက် ရင်းနှီးတဲ့သူ သွားမေး အဲဒါ စုံစမ်းလေ့လာ။ ရရင် မင်းကို တစ်ခိုင် ပေးမယ်။ စုံစမ်း ခိုင်းတာ။

ကဲ ငှက်ပျောသီး ပျောက်တာ။ ငှက်ပျောသီး ပျောက်ပြီးရင် ကြောင်ထင်ကျားထင် ထင်တဲ့ ဟာ ကုသိုလ်လား အကုသိုလ်လား။ ငှက်ပျောခိုင် ပျောက်တဲ့ထဲမှာ အကုသိုလ်က နောက် ထပ် အဆစ် လိုက်သေးတာဗျ။ အဆစ်လိုက် သေးတာ ကြားလား။ ကဲ တရား မသိတော့ ကြောက်စရာ မကောင်းဘူးလား။ ငှက်ပျောခိုင် ပျောက်ပြီးရင် အကုသိုလ်က နောက်ထပ် လိုက်သွား သေးတာ။ ဟိုလူ ဒီလူတွေနဲ့ မထင်ဘူးလား။ ထင်တယ်ကွဲ့။

တရားသိတဲ့ပုဂ္ဂိုလ် သုတဝါ အရိယာသာဝကော သုတ အကြားအမြင်ရှိရင် အရိယာ ဖြစ်တယ်လို့ မြတ်စွာဘုရား ဟော မဟော။ အရိယာ ဖြစ်တယ်တဲ့ နော်။ သုတဝါ အရိယာ သာဝကော သုတ အကြားအမြင်ရှိတော့ဟာ အဲဒီလူက သွားပြီးတော့ ဆယ့်သုံးရက်နေ့ ငှက်ပျောခိုင်သွား အခုတ်သွား တာ။ ပင်ထက်မှည့် တစ်ခိုင်မှ မရှိ။ အင်း ငါက ဆယ့်သုံးရက်-ဆယ့်လေးရက်နေ့ ကပ်မယ် ဆယ့်ငါးရက်နေ့မှ လှူမယ်။ ငါ့အလှူက ငါပြောတာထက် ဦးနေပြီတဲ့ အလှူက။ အောင်မြင်သွားပြီတဲ့ သူ့မှာ။ ကြားလား ငါ့အလှူက အောင်မြင်သွားပြီတဲ့ ကွဲ့။

အဲဒီ ငှက်ပျောခိုင်ခိုးခဲ့တဲ့ လူ မိန်းမဖြစ်ခဲ့ရင် ကိုယ့်အမေ ဖြစ်ခဲ့မယ်။ ယောကျ်ားဆိုရင် ကိုယ့်အဖေ ဖြစ်ခဲ့မယ်။ အဲဒါ စားဖို့ သူတို့ ယူတာ။ ကျွေးတုံ့ ကျွေးလှည့် မွေးတုံ့ မွေးလှည့်။ ကဲ အဲတော့ ကုသိုလ်တွေ မဖြစ်ဘူးလားဟဲ့။ ကဲ ဟိုလူ ဒီလူတွေ ယိုးစရာ လိုသေးရဲ့လား။ ယောကျ်ားဆိုရင်

20.5.2005,(8:00am)6

ကိုယ့်အဖေ ဖြစ်မှာတဲ့။ မိန်းမဆို ကိုယ့်အမေတွေ တဲ့ ကျေးဇူးဆပ်တဲ့ အနေနဲ့။ ငါ့အလူက ငါမှန်းတာ ထက် အရင်ကျနေပြီတဲ့ အောင်မြင်သွားပြီတဲ့။ ကဲ အဆင်မပြေဘူးလား။ ဆေးစက်ကျရာ အရုပ် ထင် ကွဲ့။ ဒါ သုတ အကြားအမြင်ရှိဖို့ လိုတယ်နော်။ စဉ်းစားဖို့ မကောင်းလား။

<u>ဦးဘစံ ဒေါ်ကြွယ်အေး ကျွေးတောင်းနည်း</u>

ကဲ တစ်ခါ ပြန်စဉ်းစားဦး။ ကုသိုလ်ကံ အကုသိုလ်ကံ ကုသိုလ်ဟာ ဆင်းရဲတဲ့တရားလား ချမ်းသာတဲ့ တရားလား။ ချမ်းသာတဲ့ တရားနော်။ အဲတာ လူတွေက ခေါ်တော့ ခေါ်တတ်တယ် ချမ်းသာ တယ် လို့ ကြားဖူးတယ် ယုံကြည်တဲ့ ပုဂ္ဂိုလ်က နည်းတယ်။ မယုံကြည်ဘူး။ ကုသိုလ်ဟာ ချမ်းသာတာ ယုံကြည်ရမယ်။ ကဲ လူတစ်ယောက်မှာ ပြန်ပြီးတော့ စဉ်းစားကြဦးစို့။ ကျွေးရစရာ ရှိတယ်။ တစ်လလောက် နေရင် ပေးမယ်လို့ ယူသွားတာ တစ်သောင်းဖိုး။ သွား တောင်းချေ။ တစ်လကျော် တစ်လခွဲကျတော့ မပေး...မပေးတာနဲ့ သွားတောင်းတာ။ အကွက် မလည်တဲ့ အကြောင်း ပြောပြ တယ်။ တစ်ကြိမ်က နှစ်ကြိမ်သွားတောင်း ကိုယ်ချင်းစာဦးကွဲ့။ အတိုးချ ဘယ်လောက်တိုးပြီ။ မင်းတို့ ဘယ်လိုဟာလဲ။ အားနာရမှန်းလည်း မသိ။ မင်းတို့ ဒီလို လုပ်ထားလို့ ဘယ် သင့်တော် လိမ့်မလဲ ကွဲ့။ တစ်ခုခုကို လှည့်ပြီးတော့ လုပ်လုပ်ပေးဦးမှပါ။ အဲလို ပြောတဲ့အခါ ပေးရမယ့် သူက စိတ်ချမ်းသာမလား စိတ်ဆင်းရဲမလား။ စိတ်ဆင်းရဲမယ်နော်။ အဲလို စိစစ်ဖို့ မကောင်းလား။ စဉ်းစား။ ကဲ တစ်ခါ ထိထိမိမိ စဉ်းစားကြ။ ဘုန်းကြီးတို့ ဒေသန္တရမှာ အခုတော့ မရှိဘူး သေပြီ။ ဦးဘစံတဲ့ ဒေါ်ကြွယ်အေးတဲ့။ သူ့အဖေ မိဘကလည်း တော် သားသမီး လက်ထက်ကလည်း တော်။ ကျွေးတောင်း သွားတာ လေးငါးခြောက်လ ကြာလို့ မပေးလာတော့ သွား တောင်း တာ။ တစ်အိမ်သွား မျက်နှာလေးက ခပ်ရွှင်ရွှင်နဲ့ အားလုံး နေလို့ ထိုင်လို့ ကောင်းကြရဲ့လား ဟ။ ကျန်းမာရေး ဘယ်လို နေကြလဲဟ။ ကျန်းမာရေးကလည်း အသင့်အတင့်ပဲ ဦးလေးရယ် အသင့်အတင့် စားဝတ်နေရေးကလည်း မပြေ့တပြေပေါ့။ ဦးလေးကို ပေးရအောင်လို့ ရှာတာ ဘယ်လိုမှ ရှာလို့မရဘူး ဦးလေးရဲ့။ မရတာတော့ ဘယ်လိုမှ မတတ်နိုင်ဘူး။ ဒီဟာအတွက် သောက မစိုက်နဲ့။ စိတ်ချမ်းသာအောင် နေကြ။ ရမှ မရတာ ဘယ်လို တတ်နိုင်မလဲ ဟဲ့။ အဲဒါ သောက မစိုက်နဲ့။ စိတ်ချမ်းချမ်း သာသာနေကြ အဲဒါအတွက် သောက မစိုက်ကြနဲ့။ အဲလို စကားလေး ပြောလိုက်တော့ သူတို့ စိတ်ထဲမှာ စိတ်ပူမလား ချမ်းသာမလား။ ဒါ ကုသိုလ် နော်။ ဟိုက အပြောက အဆင်မပြေတော့ စိတ်ပူမလာဘူး လား။ အကုသိုလ်။ အပြော အဆင်ပြေတော့ စိတ် မချမ်းသာဘူးလား။ ကုသိုလ်ဗျ။ သည်အတွက် သောက မစိုက်နဲ့ အေးအေး ဆေးဆေး နေကြ။ အဲဒါ မင်းတို့ မရတာ ဘယ်လိုမှ မတတ်နိုင်ဘူးကွဲ့။

နှစ်ချုပ်ကြည့်လိုက်တာ။ သူ့ဆီက ရစရာ ရှိတာက ငါးသောင်း။ တစ်နှစ်မှာ နှစ်ပတ်လည် ချုပ်ကြည့်တော့ ငါးသိန်းလောက် အမြတ်က ပေါ်တာ။ အဲဒီနှစ်ကျတော့ကာ သူ့ဆီက လျော့သွားတာ လျော့သွားပြီ။ ဟိုမှာကျတော့ ခုနစ်သိန်းလောက် ဖြစ်နေတာ။ သူ့ဆီက ငါးသောင်းက မရပေဘာ ခု... နှစ်သိန်း နှစ်သိန်း တိုးလာခဲ့တာ။ မတိုးဘူးလား။ ကဲ ကုသိုလ်က လျော့သလား တိုးသလား ။ အဲဒါ ယုံကြည်ဖို့ မကောင်းလား။ ကုသိုလ်က တိုးတာဗျ။

အခုတော့ အဲဒီ အကျိုးအပြစ်ကို မသိတော့ ခပ်ကြမ်းကြမ်း ပြောတော့ အကုသိုလ်တွေ မဖြစ်ဘူးလား။ ပစ္စည်းကလည်း မရ ခဏ ခဏ တောင်းတော့ ဟိုက စိတ်ဆိုး။ ရပ်ပါရဦးတော့ မပေးသေးဘူးတဲ့။ စိတ်က တိုလာပြီ ကြားလား။ ဟား ဟား ဟား။ ပေးသေးဘူးတဲ့ ကွဲ့။ အဲလို လေ့လာဖို့ မကောင်းလား။ အေး အဲတာကြောင့် စျေးတောင်း တောင်းတတ်တာနော်။ ကုသိုလ်က ချမ်းသာတဲ့ တရားဗျ။ ကုသိုလ်က ဆင်းရဲတဲ့တရား မဟုတ် ချမ်းသာတယ်။ အဲလို လေ့လာဖို့ မကောင်းလား။

မြတ်စွာဘုရားရှင်ရှိစဉ်က နန္ဒိယကျောင်းဒကာ နန္ဒိယသူဌေး ကျောင်းဆောက်တုန်းမှာ ပေဘာ နတ်သမီးက နေပြီးတော့မှ လူ့ပြည်မှာ ရှိတဲ့အိုးတွေ ခုပြောနေတဲ့ရွှေအိုး ငွေအိုးတွေ ပစ်ပြီးတော့ နတ်ပြည်မှာလာပြီးတော့မှ ဟိုဒင်းပြုတဲ့ အကြောင်း တွေကို မမှာရပေဘူးလား ဟဲ့ မှာရတယ်နော်။ နန္ဒိယသူဌေး အခု ဦးဘစံတို့ လင်မယားကတော့ခါ သူတို့နဲ့ရွယ်တူ အိမ်နားချင်း တစ်ယောက်က နေထိုင်မကောင်းတော့ သေငယ်ဇောနဲ့ မျှောသွားတာ ရေချိုး ရအောင်လို့ လူတွေ စောင့်နေတာ။ မချိုးနဲ့ဦး မချိုးနဲ့ဦး ကိုယ်ကောင်ကြီးက ပူနွေးနွေး နေတယ် မချိုးနဲ့ဦး။ အတန်ငယ်ကြာ နာရီဝက်လောက်ကြာတော့ လူပ်လာတော့တာ။

လှုပ်လို့ သတိရလို့ ရေပေးစမ်း ရေတောင်း ရေသောက်လို့ပြီးတော့ နတ်ပြည် ရောက်သွား တာဟေ့။ ကောင်းလိုက်တဲ့ ဗိမာန်ကြီး နည်းတဲ့ ဗိမာန်ကြီး မဟုတ်ဘူး။ နင့်နေရာ မဟုတ်ဘူး ပြန် ပြန် ပြန်။ ဘစံနဲ့ကြွယ်အေးဟာ ဟုတ်တယ်လို့ ဟိုက ပြောလိုက်ပြီးပြီ။ သူ့ရွာမှာ ရှိတဲ့ ဘစံနဲ့ကြွယ်အေးက ဖျားလည်းမဖျား ဘာမှမဖြစ်ဘူး။ သုံးနှစ်ကြာခါမှ လင်ကသေ။ သုံးလလောက် ခြားပြီးကာမှ မယားက သေတော့တာ ။ ဗိမာန် ပေါက်နေပြီးပြီ။ ကြားလား။ အဲဒါ စေတနာ ကောင်းတဲ့ ပုဂ္ဂိုလ် တွေ။

သားသ္မီးတွေလည်း တော်တယ်။ မိဘတွေလည်း တော်တယ်။ အကုန်လုံး အဆင်ပြေတာ သူတို့ အဆက်တွေက အလွန်ကောင်း။ အလွန် တော်တာ။ ဝယ်တာ ခြမ်းတာတွေကလည်း အများ ပေါက်စျေး စျေး ဖောက်လို့ မဝယ်ဘူး။ သူများတကာ ဟိုမှာ စျေးတက်တယ်တဲ့။ ဘယ်စျေး ဖြစ်တယ်။ ဟိုမှာ ပဲတစ်တင်းမှ နှစ်သောင်း။ နှစ်သောင်းပေးရင် ငါက သုံးသောင်း ပေးမယ်။ ဒီလိုတွေ မဝယ်ဘူး။ သူများ ဝယ်တဲ့နှုန်း နောက်မှ လိုက်ဝယ်တာ။ သူအများဆုံး ရတာ။ ဒီပြင်လူက

20.5.2005,(8:00am)8

သူ့ထက်ငါ ဦးအောင်သွားရတာ။ ဟိုလူ သွားတုန်းကတော့ ဈေး မကြိုက်လို့ မရောင်းဘူး။ သူနဲ့ကျတော့ အဆင်ပြေလို့ ကြားရဲ့လား။ စေတနာ အတိုင်း အကျိုးပေးတာ ဗျ။ အဲဒီလို စိစစ်ဖို့ မကောင်းလား။

အင်း တစ်နေ့သ၌ ကျတော့ မိုးခေါင်ရေရှားလို့ သူတို့ ဝယ်ထားတဲ့ စပါးတွေက ငါးဆယ်ဈေး သုံးဆယ်ဈေး ဝယ်ထားတာ။ စပါးသုံးရာ ဈေး ဖြစ်သွားတာ။ သုံးရာဈေး။ အဲဒီမှာ တစ်ရွာလုံး စာရင်း ယူပြီးခါမှ သူတို့ဝယ်တဲ့ စာရင်းအတိုင်း နှုန်း သူတို့အရင်း အတိုင်းကို အကုန် ပြန်ဝေချ လိုက်တာ။ ကဲဘယ်လောက်များ အားရစရာကောင်းသလဲနော်။ အဲဒီလိုတွေ အတုယူဖို့ မကောင်း လား။ အတုယူဖို့ ကောင်းတယ်။ စဉ်းစားကြ။ စဉ်းစားကြ။ စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ စေတနာ အတိုင်း အကျိုး ပေးတာ။ အဲဒီလို လေ့လာဖို့ မကောင်းဘူး လား။

<u>အန္နဘာရမြက်ရိတ်သမား ဥပမာပြ</u>

မကြားစဖူး ကြားဖူးထပ်မံ ညောင်စေ့လောက်လှူ ညောင်ပင်ကြီးလောက် ရတယ်။ ညောင်ပင် ကြီးလောက်လှူ ညောင်စေ့လောက် ရတယ်ဆိုတာ ကြားဖူးရဲ့လား။ ရှေးထက်ကျော်ကာရီ က အန္နဘာရ မြက်ရိတ်သမား ဆိုတာ သူဌေးကြီးရဲ့ အိမ်နောက်ဖေးမှာ နောက်ဖေး တန်းလျားမှာ နေလို့ မြက်ရိတ်ပြီးတော့ ရောင်းစားရတယ် ခန္ဓာဝန်ထိန်းထမ်း ကျောင်းဖို့နော်။ မြက်ရိတ်ပြီးတော့ ရောင်းစားရတာ။ သူက ငါးပါးသီလ မကြောင်မကြား မကျိုး မပေါက် အောင် ထိန်းသိမ်းပြီးတော့မှ အဲချွေးနဲ့စာ အဲဒါရှာစားရတယ်။ တစ်နေ့သ၌ ကျတော့ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ် ဖလသမာပတ်က အထွက် အန္နဘာရ မြတ်ရိတ်သမားက မြတ်ရိတ်က အပြန်။ အရှင်ဘုရား အရှင်ဘုရား ရပ်ပါဦး ဘုရား။ တစ်မြို့လုံးမှာ ကြည့်ချင်သလို ကြည့် ကျွန်တော့် လောက် ဆင်းရဲတဲ့ပုဂ္ဂိုလ် တစ်ယောက်မှ သူမရှိဘူး ။ ဒီနေ့တော့ တပည့်တော်ကို ချီးမြှောက်တော်မူပါ ဘုရား။ တောင်းပန်တယ်။

သူ့နောက်ကို လိုက်သွားတော့တာ။ မြို့ထဲဝင် နှစ်အိမ်သုံးအိမ်လောက် ခြားတော့ ရောက်။ အထဲဝင်ပြီးတော့ မြက်စည်းကိုချ။ မျက်နှာတွေသစ် ပလုတ်ပလဲကျင်း အင်္ကျီ အဝတ်အစား တွေလဲ။ ခပ်စောစောက အပြန်မှာ စားဖို့လို့ ချက်ထားခဲ့တဲ့ ဆွမ်း။ ထမင်း။ ငါးပိလေး စလောင်းဖုံးမှာ ကပ်မီးကင်ထားခဲ့တာ။ ရာသီဥတုက ဆောင်းရာသီ ဆိုတော့ စောစောချက်ထားတော့ မအေးဘူး လား။ အေးတယ်။ အဲဒါနဲ့သူစားမယ့်ဟာကို အဲတာကို အကုန်လုံး ခူးပြီးတော့မှ လောင်းလိုက်တာ။ လောင်းတော့ အဲဒီ ပစ္စေကဗုဒ္ဓါ အရှင်မြတ် အရှင်ဘုရားကို ဒီနေ့ လှူရတဲ့ ကုသိုလ်ကံ စေတနာ တို့ကြောင့် မရှိ မဝ မလှ ဆိုတဲ့ စကား တပည့်တော် မကြားပါရစေနဲ့ ဘုရား။ အသင် တောင်းတဲ့ဆုနဲ့ ပြည့်စေ။

အဲဒီ အခါကျတော့ သူဌေးကြီး အိမ်မှာ စောင့်တဲ့ ထီးချက်စောင့်နတ်သမီးက သာဓုခေါ်တာ သုံးခွန်း။ ဆာဆာလာလာ။ အသံက ကောင်း သာဓုခေါ်တာ။ ဟဲ့ အခု သာဓုခေါ်တာ ဘယ်သူ လဲ။ သူဌေးကြီးက မေးတော့တာ။ ငါ ထီးချက်စောင့် နတ်သမီး။ ဘယ်သူ့ အလှူ သာဓု ခေါ်တာလဲ။ အနန္တာရ မြက်ရိတ်သမားရဲ့ ဆွမ်းအလှူကို ငါ သာဓုခေါ်တာ။ ကြားလား။

ငါနှစ်စဉ်နဲ့ တကွ လှူခဲ့တာ။ ရဟန်းခံခဲ့တာကလည်း အပါး တစ်ထောင်မက။ ရှင်ပြုခဲ့တာ လည်း အပါး တစ်ထောင်မက။ ကထိန်ကလည်း နှစ်စဉ်ခင်းတယ်။ ကျောင်းလည်း ဆောက်ခဲ့ တယ် ဘုရားလည်း တည်ခဲ့တယ်။ ဆွမ်းလည်း ကျွေးခဲ့တာ အမျိုးမျိုး ကုသိုလ်တွေ လုပ်တယ် ရေတွင်း ရေကန် လှူခဲ့တယ်။ တစ်ခါမှ မခေါ်ပါတကား။

မခေါ်နိုင်ဘူးတဲ့ သူဌေးကြီးရဲ့ အလှူကို။ ဘာဖြစ်လို့လဲ။ ဆန်တစ်တင်းမှာ နို့ဆီနှစ်လုံး လျော့တွေ ပါတယ်။ တစ်လုံးလျော့ ပါတယ်တဲ့။ တစ်ပိဿာမှာ ချိန်လိုက်တဲ့အခါ နှစ်ကျပ်သား လျော့။ သုံးကျပ်သား လျော့တွေ ပါတယ်တဲ့ ဗျ။ မိုးခေါင်ရေရှား တဲ့အခါ ရောင်းမည့် ပစ္စည်းကို ပိတ်ထားတာတဲ့။ ကြားလား။ ဈေးလေး ပေါ်လာကာမှ ရောင်းတာတဲ့ ကြားလား။ သူဌေးကြီးရဲ့ အလှူကို ငါ သာဓု မခေါ်နိုင်ဘူးတဲ့။ အနန္တာရက အင်မတန် စင်ကြယ်တယ်။ ငါးပါးသီလနဲ့ ပြည့်စုံတယ်တဲ့။ အဲဒါကြောင့် ငါ သာဓုခေါ်တာတဲ့။ ဒါကြောင့် ညောင်စေ့လောက်... အနန္တာရ လှူတာ ညောင်စေ့လောက် မနေဘူးလား။ သီလနဲ့ ပြည့်စုံ တော့ကာ ညောင်ပင်ကြီးလောက် မရလား။ သူဌေးကြီးက အကြီးအကျယ် လှူတာဟော့။ ကဲ ညောင်စေ့လောက်ပဲ ဖြစ်သွားတယ်။ အဲဒါ ယုံကြည်ဖို့ မကောင်းလား။ အဲဒါနဲ့ သူဌေးကြီးက ဟေ့ အနန္တာရ မင့်အလှူ ငါ့ကိုရောင်း။ အသပြာတစ်ထောင် ပေးမယ်။ ကျုပ်က မွဲတယ်။ မရောင်းနိုင်ဘူးတဲ့။ မရောင်းနိုင်ဘူးတဲ့။ ဘုန်းကြီး သာဆို မွဲ ရောင်းပစ်တော့မှာကွဲ့။ သုံးရအောင်က လိုတယ်။ မရောင်းနိုင်ဘူးတဲ့။ ကြားလား။ မရောင်းနိုင်လည်း မင်းအလှူ ငါ့ကို အမျှ ပေးပါတဲ့။ သာဓု ခေါ်ပါရစေ။ သူဌေးကြီးကို အမျှပေး လိုက်ရင် ငါ့ဟာတွေ ရော့ကုန်မလား။ မသိဘူးတဲ့။

ငါ လှူတဲ့ အရှင်သခင် မေးကြည့်ဦးမယ်တဲ့။ မစားနိုင်ဘူးကွာ မြို့ထဲ ဝင်ရလိမ့်ဦးမယ်။ မြို့ထဲ ဝင်လို့ ဆီဦး ထောပတ် ရရင်တော့ ဒါတွေဟာ အသွန်ပေါ့။ ဘုန်ကြီးရဲ့စေတနာသာ အတုယူမယ်ဆိုရင် သုံးဆယ့်တစ်ဘုံက မထွက်ဘူး ကြားရဲ့လား။ ကမ္ဘာ့ သစ်ငုတ်လို့သာ အောက်မေ့။ စိတ်ကိုနိုင်မှ ချမ်းသာရတယ်ဆိုတာ ကြားဖူးကြရဲ့လား။ အဲ ပစ္စေကဗုဒ္ဓါ အရှင် စိတ်ကိုနိုင်တဲ့ ပုဂ္ဂိုလ်တွေကွဲ့နော်။ အဲဒါ အတုယူဖို့ မကောင်းလား။ စိတ်ကို နိုင်ဖို့ လိုတာ။ စဉ်းစား။

အဲဒါနဲ့ သွားပြီးတော့ လျှောက်တဲ့အခါ သူဌေးကြီးက သူ့အလှူကို ဝယ်တယ် အသပြာ တစ်ထောင်။ တပည့်တော်က ဆင်းရဲလွန်းလို့ မရောင်းနိုင်ဘူး။ မရောင်းရင် အမျှပေးပါလို့ အမျှ တောင်းတယ်။ အမျှပေးတော့ လျော့မလား မလျော့ဘူးလား မလျှောက်ရဘူးလား။ မလျော့ဘူးတဲ့ ပေးသာ ပေး လိုက်တဲ့။ မလျော့ဘူး ဆိုတာတော့ ဟုတ်တယ် တပည့်တော်က မသိဘူးတဲ့ မလျော့တာ။ မလျော့တာလေးကို သိချင်သေးတာတဲ့။ အဲဒါ ရှင်းပေးဦးတဲ့။ မလျော့ပုံ သိချင်တယ်တဲ့။ စဉ်းစားဖို့ မကောင်းလား။ ဘုန်းကြီးသာ ဆိုပေးလိုက် ပေးလိုက် ဘာမှ အဓိပ္ပာယ် မသိဘဲနဲ့ ပေးတော့မှာ။ သူက သိချင်တယ် မလျော့တာ တပည့်တော် နား မလည်ဘူး။ မလျော့တာလေးကို သိချင်တယ်တဲ့ ရှင်းပေးဦး တဲ့။

အကာလ ညအခါ မီးထွန်းထားတဲ့။ မြောက်က အိမ်က လာမီးညှိထွန်းမယ်။ ထွန်းပြီးတော့ ယူသွား မြောက်က အိမ်မှာ မီးမလင်းဘူးလား။ သူ့မီးကား လျော့ရဲ့လား။ တောင်က အိမ်က လာညှိထွန်း မယ်။ တောင်က အိမ်ကိုယူသွား တောင်က အိမ်မှာ မီးမလင်းဘူးလား။ သူ့မီး ကား လျော့ရဲ့လား။ အရှေ့အိမ်က လာပြီး မီးညှိထွန်းမယ်။ အရှေ့အိမ်ကို ယူသွား အရှေ့ အိမ်မှာ မီးမလင်းလား။ သူ့မီးကား လျော့ရဲ့လား။ အနောက်အိမ်က လာညှိထွန်းတော့ အနောက် အိမ်ကို ယူသွား အနောက်က အိမ်မှာ မီးမလင်းဘူးလား။ သူ့မီးကား လျော့ရဲ့လား လျော့သလား။ တစ်ရွာလုံး ညှိထွန်းတော့ တစ်ရွာလုံး မီး မလင်းလား မင့် မီး လျော့သလား လို့ မမေးရဘူးလား။ မလျော့ဘူးတဲ့။ ကျေနပ်ပြီတဲ့။ ပေးမယ်တဲ့။

အဲဒီလို အဓိပ္ပာယ် ပေါ်အောင် မေးဖို့လိုတာ။ စဉ်းစားဖို့ မကောင်းလား။ သူများ ပြောသံ ကြားနဲ့ မလျော့တာ မသိဘဲနဲ့ ပေးလိုက်ရင် စူးစူးရှရှ ဖြစ်ပါ့မလား။ အဓိပ္ပာယ် ပေါ်လွင်မှ စေတနာ သန်တာ ဗျ။ အဲလို လေ့လာဖို့ မကောင်းလား။ ကဲ ဘယ်လောက်များ အားရစရာ ကောင်းသလဲ နော်။

အဲဒီဘဝက သေသွားတဲ့အခါ အနုရုဒ္ဓမင်းသား သွားဖြစ်တယ်။ ကြားလား။ အဲဒါနဲ့ ကျောင်းသား အရွယ်ရောက် တစ်ဆယ် ဆယ့်နှစ်နှစ် ကျတော့ ပေသီးပေါက်ကစား။ ဒိုးထိုး ကစား ဂျင်ပေါက် ကစား။ ကစားတာ ဆာလောင်မွတ်သိပ်တဲ့အခါ မိခင်ဆီမှာ သွား သွားရည်စာ စားစရာ တောင်းချေ လို့ ကိုယ်နဲ့ အပေါင်းအဖော် သူငယ်ချင်း အတောင်း လွှတ်တာ မိခင်က သား တောင်းတဲ့အခါ အဆင်သင့် ပေးနိုင်အောင် လွယ်လွယ်ကူကူ လုပ်ထားတယ်။ အဲဒီလိုနဲ့ တောင်းနေကြ ပြုနေကြ တစ်နေ့သ၌ ရပ်ဝေး ဧည့်သည်တွေက ဧည့်သည်တွေ ရောက်တော့ သားအတွက်ဟာ သွားရည်စာ မလုပ်နိုင်တော့ဘူး။ ဧည့်ခံရတာ မလုပ်နိုင်ဘူး။

20.5.2005,(8:00am)11

ဟိုကနေပြီးတော့မှ မောပန်းပြီးတော့မှ ဆာလောင်မွတ်သိပ်တော့ အတောင်းခိုင်းတာ ဒီနေ့ တော့ ငါ့သားရယ် စားစရာ သွားရည်စာ မလုပ်မိဘူး။ ဒီနေ့တော့ စားစရာမရှိ။ မလုပ်မိဘူး ပေါ့။ အဲလို ပြောတော့ခါ ရခဲ့လား မရခဲ့လား။ မရှိဘူးတဲ့။ မရှိတဲ့မုန့်ကို သွား တောင်းချေလို့ ပြန်ခိုင်းလိုက် ပြန်တော့တာ မရှိတာ ပေးလိုက်ပါတဲ့ မရှိတာပေး လိုက်ပါ။ ဩော် ငါ့သား ငါ့သား မရှိဆိုတာ နားမလည်ဘဲကိုး။ကဲ ဒီတခါ နားလည်ရအောင် အကြောင်းပြရမှာပဲ့လို့။ အုပ်ခွံပဲ ထည့် ပေးလိုက် တော့တာ။ အုပ်ခွံပဲ ပေးလိုက်တာ။

လမ်းတစ်ဝက်လောက်ကျတော့ လူမင်း ဘုန်းကြီး နတ်မင်းမနေနိုင်။ နတ်တွေက ဖွင့်ပြီးတော့ နတ်ဩဇာ ထည့်ပေးတော့တာဗျ။ ဟိုရောက်လို့ ဖွင့်ပြီးတော့ စားတာ။ နတ်ဩဇာ အိမ်က ပေးတာထက် သာတာပေ့ါ။ စောစောက ပေးပါတော့ဗျာ။ နတ်ဩဇာ စောစောက ပေးပါတော့။ မရှိတဲ့မုန့်က သာလို့ ကောင်းတယ်တဲ့။ ကြားလား။ နတ်ဩဇာမုန့်း မသိဘဲကိုး။ စောစောက ပေးပါတော့။ အင်မတန် ကောင်းတယ်တဲ့ ဗျား ကဲသူ့စေတနာ အကျိုးပေးတာ ဘယ်လောက်များ ထက်သန်သလဲနော်။ အဲလို လေ့လာဖို့ မကောင်းလား။ ကြွေးတောင်း လည်း နားလည်ဖို့ လိုတယ်နော်။ အင်း အဲလို စိစစ်ဖို့ မကောင်းလား။ အကြောင်းရှိတော့ အကျိုး တရား ပေါ်တယ်ဆို တော့ ကာ ကြွေးကျေမသွားဘူးလား။ အဲဒီလိုလည်း စဉ်းစားကြဦး။

သည်းခံခြင်း မြတ်ပုံ (ရဟန်း နှစ်ပါး ဥပမာ)

တစ်ယောက်နဲ့ တစ်ယောက် အဆင်မပြေတာတွေ ရန်တွေ့တာ ဆိုတာ ကုသိုလ်လား အကုသိုလ်လား။ အကုသိုလ်က ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရား။ တစ်ယောက်နဲ့ တစ်ယောက် စကားပြောတဲ့အခါ စိတ်ဆိုးတာနဲ့ မဆိုးတာ စိတ်ဆိုးတာက အကုသိုလ်။ စိတ်မဆိုး တာ ကုသိုလ်လို့ မဟောဘူးလား။ စိတ်မဆိုးတဲ့ အလေ့အကျင့် လုပ်ကြ။ စိတ်ဆိုး တာ အကုသိုလ်ကွဲ့ ကြားလား။ ဒါကြောင့် ခန္တီ ပရမံ တပေါ သည်းခံခြင်း မြတ်တယ်လို့ မဟောဘူးလား။ သည်းခံခြင်း မြတ်တယ်နော်။ ကဲ မင်္ဂလသုတ် စာထဲမှာ သည်းခံရမယ်လို့ မပါဘူးလား။

ဒါနဲ့ ရှေးထက်ကျော်ကာရီက ရဟန်း နှစ်ပါး ခရီးသွားတဲ့အခါ တစ်ပါးက ငါးဝါလောက် ကြီးတယ်။ တစ်ပါးက ငါးဝါလောက် ငယ်တယ်။ ညအိပ်တဲ့အခါ ကျတော့ အရှေ့ ခေါင်းပြုပြီး လို့ ရဟန်းငယ် အိပ်ပျော်နေတဲ့အခါ အဲဒီရဟန်းကြီးက သူ့ခြေရင်းမှာ နေပြီးခါမှ အိပ်တော့ တာ။ အဲဒီခါ ရဟန်းငယ်က ထတဲ့ခါ နင်းမိတာပေ့ါ။ အဲဒီလိုက ကြိမ်ဖန်များစွာ ခံရတယ် ပြုရတယ်။ ညစ်ပတ်တာ ညစ်ပတ်တာ။

20.5.2005,(8:00am)12

အဲတာနဲ့ ခဏခဏ ခံရတော့ မတတ်နိုင် ဘုရားကို သွားလျှောက်တော့တာ အဲဒီလို တစ်ကြိမ်မက တစ်ကြိမ် နှစ်ကြိမ်မကဘူး ဘုရား။ ကြိမ်ဖန်များစွာ ဘယ်လိုမှ မတတ်နိုင်လို့သာ လာလျှောက် ရတာ။ သည်းခံပါတဲ့ မြတ်စွာဘုရားက။ အဲဒီ ရဟန်းဟာ ငါဘုရား မဖြစ်ခင်က နှစဉ်တုန်းက သူနဲ့ နေခဲ့တယ်တဲ့။ အဲဒီ အကျင့်ဟာ မဖျောက်ဘူးတဲ့ သူ့မှာ။ ကြားလား။ အဲဒီအကျင့်က မဖျောက်ဘူး တဲ့။ ငါဘုရား မဖြစ်ခင် နှစဉ်တုန်းက သူနဲ့ နေခဲ့တယ်တဲ့။ ငါတစ်ခွန်းမှ ပြန်မပြောခဲ့ဘူးတဲ့။ တစ်ခွန်းမှ ပြန်မပြောဘူး တဲ့။

အဲဒါ သည်းခံတာ။ အဲဒါ မင်္ဂလာသုတ် မင်္ဂလာသုတ် စာအုပ်ထဲမှာ သည်းခံတာ။ ခန္တီ ပရမီ တပေါ် သည်းခံခြင်း မြတ်တယ်လို့ မပါဘူးလား။ ဒါ စာအုပ်ထဲမှာကွဲ့။ ကဲ အဲတာ ခန္ဓာ ရောက်အောင် လုပ်မှ သည်းခံတာ။ ဒီတော့ စိတ်မဆိုးဘူးပေါ့။ စိတ်မဆိုးတာ ကုသိုလ်လို့ မဟောဘူးလား။ ဟိုက ကုသိုလ်ပေးနေတာ ဒီက ကုသိုလ်ကို မလိုချင်ဘူး။ ကြားလားဟဲ့ ပြန်ပြန် ကော်ဆဲတာ။ ဒါ ကုသိုလ် ပေးတာ မလိုချင်တာကွဲ့။ ဒါ သည်းခံတော့ ကုသိုလ် မဖြစ်ဘူးလား။ အဲဒါ ကုသိုလ်ဆိုတာ လုပ်တတ်မှ ယူတတ်မှ ရတာဗျား။ အခုတော့ ငါ မဟုတ်တာ မခံနိုင်ဘူးဟေ့။ အား ပြန်ပြောတော့ တာ။ အကုသိုလ် မဖြစ်ဘူးလား။ ဟို က ကုသိုလ် ပေးတာ။ ဒီက အကုသိုလ်။ အဲဒါ သည်းခံတယ်ဆို တော့ ကုသိုလ် မဖြစ်ဘူးလား ။ အေး လူတွေက မယူတတ်ဘူးကွဲ့ ကြားလား။ ကြားဖူးတော့ နားဝ၊ နားဝတော့ တရား ရတယ်ဆိုတာ ကုသိုလ် မဖြစ်ဘူးလားဟေ့။ အဲဒါ အတုယူရမှာနော်။ သိမှ ပယ်နိုင်မှာ။ မသိ ပယ်နိုင်ပါ့မလား။ သိအောင်ကြိုးစား။

<u>အာသဝေါတရား လေးပါးကုန်မှ ချမ်းသာပုံ</u>

သိဆိုတဲ့ တရားလေးကို စဉ်းစားဦး။ ကုသိုလ်လှူတာ ဘုရားတည်တာ ကျောင်းဆောက်တာ ရေတွင်းရေကန်တူးတာ ဆွမ်းကျွေးတာ ကထိန်ခင်းတာ ရဟန်းခံတာ ရှင်ပြုတာ အမျိုးမျိုး အဲဒါ က္ကဒံ မေ ပုညံလို့ ခေါ်တယ် ကြားလား။ လှူသမျှ တန်းသမျှ ကုသိုလ်အပေါင်းရဲ့ နာမည်က က္ကဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု ကြားဖူးကြရဲ့လား။ ဒါတော့ ရေစက်ချ ကလေးထဲမှာ လည်း ပါတယ်။က္ကဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု လှူသမျှ တန်းသမျှ ကုသိုလ်အပေါင်းက က္ကဒံ မေ ပုညံ။

ဘာများ အလိုရှိတာလဲလို့ မမေးရဘူးလား။ ချမ်းသာချင်လို့ လှူတယ်လို့ မပြောရဘူးလား။ ချမ်းသာတာ ဟုတ်တယ်။ လူချမ်းသာလား။ နတ်ချမ်းသာလား။ ဗြဟ္မာချမ်းသာလား။ နိဗ္ဗာန် ချမ်းသာလား မမေးရဘူးလား။ နိဗ္ဗာန်ချမ်းသာ။ နိဗ္ဗာန်ချမ်းသာ ရချင်ရင် အာသဝေါ တရား လေးပါး ကုန်အောင်လုပ်။ က္ကဒံ မေ ပုညံ အာသဝက္ခယံ မဟောဘူးလား။ အာသဝေါ အာသဝေါ တရား

လေးပါးက ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝပေါ့။ အဲဒီ အာသဝေါ တရား လေးပါးကုန်မှ ချမ်းသာမယ်လို့ အဖြေ မပေးဘူးလား။
အာသဝေါ တရား လေးပါး ကုန်ချင်ရင် ခန္ဓာသိအောင်လုပ် ။ သစ္စာ သိအောင်လုပ် ။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး သိအောင်လုပ်။ အဲဒါ သိမှ ကုန်မှာ။ စဉ်းစားဖို့ မကောင်း လား။ ကဲ လူထင်လို့ သေသေချာချာ ကြည့်။ ဘုရား ပေးတဲ့ ဝိဇ္ဇာဆိုတဲ့ မျက်မှန်နဲ့ တပ်ကြည့်။ လူကို မြင်တာလား အဆင်းကို မြင်တာ။ လူထင်လို့ လက်နဲ့ပုတ်ကြည့် တီးကြည့် လူ တွေ့မလား အသံလား။ လူထင်လို့ နမ်းကြည့် လူတွေ့မလား အနံ့တွေ့မလား။ လူထင်လို့ လျှာလေးနဲ့ လျက်ကြည့် လူတွေ့မလား ငန်ပျပျ အရသာ ဓါတ် တွေ့မလား။
ခြေစ ခေါင်းဆုံး တစ်ကိုယ်လုံး လူထင်လို့ ဆံဖျားက ခြေဖျား၊ ခြေဖျားက ဆံဖျား၊ အနုလုံ ပဋိလုံ ကိုင်စမ်းကြည့်။ မာတာ မတွေ့ဘူးလား။ ပျော့တာ မတွေ့ဘူးလား။ မာတာပထဝီ ပျော့တာ ပထဝီ ပေါ့။ မာတယ် ပျော့တယ်သိတာ သူငါလား ကာယဝိညာဏ်။ တစ်ဝိညာဏ်တည်း ထိလို့ သိလို့ ဖြစ်ကဲ့လား။ မဖြစ်သူနဲ့ သဟဇာတ ဖြစ်တဲ့ ဝေဒနာ၊ သညာ၊ စေတနာ မပါလား။ မာတယ်၊ ပျော့တယ်လို့ ခံစားတာ လူလား ဝေဒနာ။ နတ်လား ဝေဒနာ။ ဗြဟ္မာလား ဝေဒနာ။ ဝေဒနာဘဲ တွေ့တယ်နော်။ လူ၊နတ်၊ဗြဟ္မာတွေ့ရဲ့လား။ တွေ့တာ လူ၊နတ်၊ဗြဟ္မာ လား။ ဝေဒနာလား။ တွေ့တာကို အမှန် မယူရဘူးလား ။ လူ။ စဉ်းစားဖို့မကောင်းလား။ အဲတာ မိမိက လူ၊နတ်၊ဗြဟ္မာ သတ္တဝါလို့ စဉ်းစားဖို့ မကောင်းလား။
မှတ်တာ သူတွေငါတွေလား သညာက္ခန္ဓာ။ စဉ်းစားနော်။ အဲလို စိစစ်ဖို့ မကောင်းလား။ ကဲ ခံစားနိုင်အောင် စေ့ဆော်တာ၊ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား စေတနာ။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခု ပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား။ ဤလေးပါး ပြည့်စုံမှ ထိသိစိတ် ဖြစ်တာနော်။ လူ၊နတ်၊ဗြဟ္မာလား နာမက္ခန္ဓာ လေးပါး။ နာမက္ခန္ဓာ လေးပါး။ လူလား နာမက္ခန္ဓာ လေးပါး။ နတ်လား နာမက္ခန္ဓာ လေးပါးလား။ ဗြဟ္မာလား နာမက္ခန္ဓာ လေးပါးလား။ နာမက္ခန္ဓာ။ ကာယအကြည်က လူဟုတ်ကဲ့လား။ မာမှုပျော့မှုကား လူ ဟုတ်ကဲ့ လား။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား။ နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာ ပေါင်း။ ခန္ဓာပဲ တွေ့တယ်နော်။ အဲဒီခန္ဓာ သိဖို့ မလိုလား။ကဲ စာထဲကလား ခန္ဓာက ပြတာ။ ကဲ ဒီလို ဆိုတော့ကာ လူစွဲဒိဋ္ဌိ မပြုတ်ဘူးလား။ နတ်စွဲဒိဋ္ဌိ မပြုတ်ဘူးလား။ ဗြဟ္မာစွဲ ဒိဋ္ဌိ မပြုတ်လား။ သန္တိဋ္ဌိကနော်။ စာထဲကလား ခန္ဓာကပြတာ။ အာသဝ အနေနဲ့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်ပြီကွဲ့ကြားလား။

ဆက်ပြီးတော့ ကြိုးစားဖို့ မကောင်းလား။ ရူပက္ခန္ဓာကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ ဝေဒနာ ခံစားပြီးတော့ မပျက်လား။ သညာ မှတ်ပြီးတော့ မပျက်လား။ စေတနာ စေ့ဆော်ပြီး တော့ မပျက်လား။ ကဲ ခန္ဓာ တွေ့သလား မရှိတာ တွေ့သလား။ စဉ်းစားဖို့ ကောင်းတယ် နော်။ ငါးပါး စလုံး နိစ္စလား။ အနိစ္စ။ အနိစ္စ မမြဲခြင်း တရားသည် ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရား။ ဆင်းရဲတဲ့ တရားကို သုခလို့ခေါ်မလား ဒုက္ခလို့ခေါ်မလား။ ဤဒုက္ခတရား ကို ပိုင်သူရှိရဲ့လား။ သတ္တဝါ အလိုသို့ လိုက်ကဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မဟောဘူးလား။ အနိစ္စ၊ဒုက္ခ၊ အနတ္တ တွေ့တယ်။

အနိစ္စ တွေ့တဲ့အခါ၊ ဒုက္ခ တွေ့တဲ့အခါ၊ အနတ္တ တွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား။ စဉ်းစားဖို့ ကောင်းတယ်နော်။ အနိစ္စတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ ဒုက္ခတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ အနတ္တတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ တီရဏ ပရိညာ။ ပွားလို့ သိတာဗျာ့။ နာမ်ရုပ်ကို သိတဲ့အခါ လူ၊နတ်၊ပြဟ္မာ တွေ့သေးရဲ့လား။ မြို့ရွာ တိုင်းပြည် တွေ့သေးရဲ့လား။ ဉာတပရိညာ။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ နာမ်ရုပ်တွေ့တော့ အာသဝအနေနဲ့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာ သဝ ချုပ်တယ်။ အနိစ္စ၊ဒုက္ခ၊အနတ္တ တွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား။ တီရဏပရိညာ။ အနိစ္စ၊ဒုက္ခ၊အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့ မဟော လား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရား လား။ ဆင်းရဲတဲ့တရား။ ဆင်းရဲတယ်လို့ အမှန်သိ တာ ယထာဘူတ ဉာဏ်ကွဲ့နော်။

ဒုတိယ ဆက်ပြီးတော့ ကြိုးစား ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ဒုတိယကျတော့ အသိဉာဏ်က ရင့်ပြီးတော့ မလားလား။ အသိဉာဏ်က ရင့်တော့ ခန္ဓာက လွတ်ချင်တဲ့စိတ်၊ ကျွတ်ချင်တဲ့စိတ် မပေါ်လား။ နိဗ္ဗိန္ဒဉာဏ်လို့ မဟောလား။ အပြောအဆို အနေအထိုင်တွေ အခါတိုင်း နဲ့ တူရဲ့လား။ သိမ်မွေ့နူးညံ့တော့တာ နော်။ တရားက သက်သေခံတယ်ကွဲ့ ကြားလား။ နိဗ္ဗိန္ဒဉာဏ်။

တတိယ ဆက်ပြီးတော့ ကြိုးစားကြည့် ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ ခြေစ ခေါင်းဆုံး တစ်ကိုယ်လုံး ရှာချင်သလိုရှာ သုခဆိုတဲ့ တရား အပ်ဖျား တစ်ထောက်စာမျှ တွေ့ရဲ့လား။ အပ်ဖျား တစ်ထောက်စာမျှ သုခမတွေ့တာ ရှိလို့လား မရှိလို့လား။ မရှိရင် ဒုက္ခအတိလို့ မပိုင်းခြားလား။ ပိုင်းခြားလိုက်တဲ့ တစ်ချိန် သမ္မာဝါစာ၊ သမ္မာကမ္မန္တ-၊ သမ္မာ အာဇီဝ သီလ မဂ္ဂင်သုံးပါး မဝင်လား။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်းတော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါးပြည့်တဲ့ အချိန် ခန္ဓာငါးပါး တွေ့သေးရဲလား။ ဖြစ်ပျက်ကား တွေ့သေးရဲလား။ လောကုတ္တရာလို့ မဟောလား။ သောတာပတ္တိမဂ် သောတာပတ္တိ ဖိုလ် ရတော့တာနော်။ အဲ စိစစ်ဖို့ မကောင်းလား။

ကဲ သောတာပန်ဖြစ်သွားပြီ ဆို ဘာတွေများ ပယ်တာလဲလို့ ပြန် စိစစ်ဖို့ မကောင်းလား။ ဒိဋ္ဌိ-ဝိစိကိစ္ဆာဆိုတဲ့ အနုသယကိလေသာမပယ်လား။ ဒိဋ္ဌိ-ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယ ကိလေသာ ပယ်လိုက် တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား။ မနောကံ မလာ ဝီတိက္ကမ ကာယကံ ဝစီကံ လာသေးရဲ့လား။ မလာရင် အပါယ်သွားတဲ့ ကံတွေ မကုန်လား။ အပါယ်ခန္ဓာ ဇာတ် မသိမ်းလား။ ပဟာနပရိညာလို့ မဟောလား။

ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ဤဉာဏ်သုံးဉာဏ်ရတဲ့ ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာက စလို့ ပါဏာတိပါတကံနဲ့ အသက်မွေးခဲ့တာ။ အဒိန္နာကံနဲ့ အသက်မွေးခဲ့တာ။ ကာမေသု မိစ္ဆာစာရကံနဲ့ အသက်မွေးခဲ့တာ။ မုသာဝါဒကံနဲ့ အသက်မွေးခဲ့တာ။ သုရာမေရယ ကံနဲ့ အသက်မွေးခဲ့တာ အဲဒီ အကုသိုလ်ကံ အကြွေးဟောင်း အနန္တ- ကမ္ဘာ ပထဝီမြေကြီးနဲ့ အမျှဖြစ်တဲ့ အကုသိုလ်ကံတွေ အကျိုးပေးခွင့် ရသေးရဲ့လား။ အကုန်လုံး အဟောသိကံ ဖြစ်မသွားလားဟဲ့။ ဤနေရာ ရောက်အောင် ကြိုးစားအားထုတ်ဖို့ မကောင်းလား။ အဲဒါ လိုရင်းအချက်တွေကွဲ့နော်။ အဲဒါ ထိထိမိမိ အဲဒါဉာဏ်တွေကို အားကိုး ရမယ် ကြားရဲ့လား။ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ဤဉာဏ်သုံးဉာဏ်ရအောင် ယူလိုက်ကြ ကြား လား။ အဲလို စိစစ်ဖို့မကောင်းလား။

<u>သက္ကာယဒိဋ္ဌိပြုတ်ဖို့အရေးကြီးပုံ</u>။(သီရိဓမ္မာသောကမင်းကြီး ဉပမာ)

အဲဒီ ဉာဏ်ရတဲ့ ပုဂ္ဂိုလ် ဘယ်သူတွေလဲလို့ အင်္ဂုလိမာလကြီးဆိုတာ သူသတ် ယောက်ျားကြီး ကွဲ့နော်။ လူသတ်တယ်ဆိုတာ အပြစ် မကြီးဘူးလား။ တိရစ္ဆာန် သတ်တာထက် အပြစ်ကြီး တယ်။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့ တွေ့တော့ သစ္စာတရား ခန္ဓာတရား ပဋိစ္စသမုပ္ပါဒ်ကို ကြားရ နာရတော့ တစ်မဂ် တစ်ဖိုလ် မရလား။ လူသတ်သေး သလား။ ဆက်ပြီး တော့ ကြိုးစားတော့ သောတာပန်က သကဒါဂါမ်၊ သကဒါဂါမ်က အနာဂါမ်၊ အနာဂါမ်က ရဟန္တာ ရဟန်းကိစ္စ ပြီးမသွား လား။ ကဲ အင်္ဂုလိမာလကြီး ရဟန်းကိစ္စ ပြီးသွားတယ်နော်။ သူ ပြုတဲ့ အကုသိုလ်ကံတွေ အကျိုးပေး ခွင့် ရသေးရဲ့လား။ အကုန်လုံး အဟောသိကံ ဖြစ်သွား တယ်ကွဲ့ နော်။

သီရိဓမ္မာသောက မင်းကြီးတို့ ဒါန အရာမှာ ရှာရင်ရှား သီလမှာ ရှာရင်ရှား ရေတွင်းပေါင်း ဘယ်လောက် လှူခဲ့သလဲ။ ရေကန်ပေါင်း ဘယ်လောက် လှူခဲ့သလဲ။ စေတီပေါင်း ဘယ်လောက် လှူခဲ့သလဲ။ ကျောင်းပေါင်း ဘယ်လောက် လှူခဲ့သလဲ။ ဓမ္မက္ခန္ဓာပေါင်း ဘယ် လောက် လှူခဲ့သလဲ။ ကဲ သီရိဓမ္မာသောကမင်းကြီးကဲ့သို့ လှူနိုင် တန်းနိုင်တဲ့သူ တစ်ဦး တစ်ယောက်များ ရှိရဲ့လား။ ရှိကို မရှိဘူးနော်။ အဲဒီလောက် လှူခဲ့တန်းခဲ့တယ်။ ကဲ သစ္စာ တရား မသိ။ ခန္ဓာ မသိ။ ပဋိစ္စသမုပ္ပါဒ် မသိ။ သက္ကာယ ဒိဋ္ဌိ ပြုတ်ကဲ့လား။ သေတဲ့အခါ စပါးကြီးမြွေ ဖြစ်တယ်ဆိုတာ မထင်ရှားဘူးလား။

20.5.2005,(8:00am)16

ကဲ သူ လှူခဲ့တဲ့ ဒါနလည်း သတိမရ။ ထိန်းသိမ်းတဲ့ သီလလည်း သတိမရ။ ဒါနတို့ သီလတို့ သတိရရင် အပါယ်ကျပ့ါမလား။ ကဲ မောဟစိတ်နဲ့ ဝိညာဏ်ချုပ်တာနော်။ ကဲ တိရစ္ဆာန်ဘုံ ရောက် မသွားလား။ သားတော် သ္မီးတော်၊ သားတော် မဟိန္ဒ သမီးတော် သံဃမိတ္တာက ရဟန္တာကြီးတွေ အနားသွားပြီးတော့ ဖခမည်းတော် စိတ်အလို လိုက်တော့ ကိုယ်လှူခဲ့တဲ့ ဒါနလည်း သတိမရ။ ကိုယ်ထိန်းခဲ့တဲ့ သီလလည်း သတိမရ။ အခု စပါးကြီးမြွေ ဖြစ်နေပြီ ကိုယ့်ကိုယ်ကို ဘာဖြစ်တယ်လို့များ ကြည့်စမ်းဦးတဲ့ နော်။ သတ္တဝါတွေသာ ဖမ်းမယ်စားမယ် သောက်မယ်ဆိုရင် ငရဲကျတော့မှာပေ့ါ။ ငါ့တို့ မတတ်နိုင်ဘူး။ အဲလို့ လူ့စိတ်က မပျောက် သတိပေးတော့ခါ သတ္တဝါတွေ ဖမ်းရဲ့လားဟဲ့။ သတ်ကဲ့လား ဟဲ့ အဲတာ အစာပြတ်ခံ သေသွားတော့ နတ်ပြည်မှာ နတ်သား သွားဖြစ်တယ်။ ခုနစ်ရက်လောက်တော့ စပါးကြီးမြွေ ဖြစ်သွားသေးတာ ကြားလား။ လူသတ် ယောကျ်ားကြီးက သက္ကာယဒိဋ္ဌိ ပြုတ်တော့ ရဟန်းကိစ္စ ပြီးမသွားလား ဟဲ့။ အဲလို လေ့လာဖို့ မကောင်းလား။ ဒါ သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ အရေးကြီးတယ် နော်။

ကဲ ထိ ဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ ။ (ဒုက္ခသစ္စာပါဘုရား။) သိတာက ။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ... ။ (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ။ (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ်အကွက် ဘယ်နှစ်ကွက်ရှိ။ (လေးကွက်ရှိပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။)ငါး လေးလီ။ (နှစ်ဆယ်။) ဤရှစ်သွယ်ကို။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု ......... သာဓု ......... သာဓု ။

..........................................................................................................................

ဩဝါဒ-။....။ (ကျွတ်ကျွတ်) တရားပြနေတာ အခု ဒါက မှန်တာ ကျင်နေတာ မကောင်းဘူးတဲ့ ဘုရားဟောတာ မှန်တာကွာ ကြားလား။ ကိုယ်က ကောင်းတယ်လို့ထင်တာ ဖောက်ပြန် တယ်လို့ မဟောဘူးလား။ အေး ဘုန်းကြီးက ဟောသာ ဟောတတ်တာ သူက ဒိဋ္ဌ ပြနေတာ။ အဲသည် ဝေဒနာ အမြဲတမ်း ဖြစ်သလား၊ ဆယ်ခါ တခါ ဖြစ်တာ အခုနိုပ်တော့ ပျောက်သွား ပြန်ပြီ ကြားလား။ သက်သာတဲ့ ဝေဒနာ ပေါ်မလာဘူးလား။ တော်တုန်းက ခံခက်တဲ့ ဝေဒနာ နော်

တဖြုတ်ဖြုတ် တသုတ်သုတ်နဲ့ ဖြစ်ပြီးတော့ ပျက်နေတာ ရပ်တယ်လို့ မရှိဘူး။ အဲသည် တရားမှ အနိစ္စ အဲသည်တရားမှ ဒုက္ခ ဒါမှ သစ္စာထိုက်တာ။ အခုက ဆယ်ခါ တခါ ဖြစ်တာ သုခဝေဒနာဗျား။ ဒုက္ခသစ္စာ မဟုတ်ဘူး ဗျာ့။ သုခဝေဒနာ အဲဒါကို သုခဝေဒနာလို့ လည်း မသိ ဒုက္ခသစ္စာလို့ လည်း မသိ ကြားလားဟ။ အဲဒါ သုံးဆယ့်တစ်ဘုံ ချာလည်လည်နေတာ သုတ လိုတယ်ဗျာ့ သုတ

20.5.2005,(8:00am)17

လိုတယ်။ အေး အဲသလိုသာ နာလို့သာ သက္ကာယဒိဋ္ဌိပြုတ်ရင် နိဗ္ဗာန်ရရင် ဆေးရုံက လူတွေ အကုန်ရမှာ။